

ဂါဦး နွန်း ဂို

# သေသူအတွက် တရားမျှတမှု

အပါအဝင်

စံတော်ချိန်သတင်းစာတွင် ဖော်ပြခဲ့ရသော ဆောင်းပါးများ စုစည်းမှု (၂)

ပြောပြချင်သည့် နိုင်ငံတကာရုပ်ရှင်(၇)

မေတ္တာမျက်စိ ကိုယ်စီ ရှိလျှင်




"ဒီကလေးရဲ့ မိဘတွေကိုရှာဖို့ အိန္ဒိယကနေ ပါကစ္စတန်ကို လာခဲ့တယ် ဟုတ်လား။ (ဟုတ်ပါတယ်။ ဘာဖြစ်လို့ လဲ) ခင်ဗျားလို လူမျိုး ဒီနှစ်နိုင်ငံကြားထဲမှာ နောက်ထပ်ရှိသေးရင် ဘယ်လောက်ကောင်းလိုက်မလဲ"

*****

ဇာတ်လမ်းရဲ့ ရည်ရွယ်ချက်က အရောင်တွေ မခွဲဘဲ မေတ္တာမျက်စိဖြင့် ရှုကြည့်ကြဖို့ တိုက်တွန်းထားတဲ့ ပုံစံဖြစ်လို့ မြတ်နိုးစရာ အမှန်ကောင်း နေတာကြောင့် ပြောပြချင်တဲ့ ရုပ်ရှင် ခေါင်းစဉ် အောက်ကို ထည့်ဖြစ်ခဲ့ပါတယ်။ ဇာတ်ကား နာမည်ကတော့ "BAJRANGI BHAIJAAN"ပါ။

ပါကစ္စတန်နိုင်ငံရဲ့ ဇနပုဒ် ရွာတစ်ရွာက (၆)နှစ် အရွယ် ကလေးမလေး'ရှာဟီဒါ'ခမျာ စကားမပြော နိုင်ရှာပါဘူး။ မတော်တဆမှုတစ်ခုကြောင့် ကြောက်လန့်ပြီး အသံပျောက်ကွယ် သွားခဲ့တာပါ။ စကားမပြောနိုင်တဲ့ သူမရဲ့ ဖြစ်အင်ကို မိဘတွေက မကြည့်ရက်နိုင်လို့ ပျောက်လိုပျောက်ငြား အားကိုး ရှာမိတဲ့ အခါ အိန္ဒိယနိုင်ငံ ဒေလီမြို့ကို သွားဖို့ဖြစ်လာခဲ့ပါတယ်။

ပါကစ္စတန်ကနေ အိန္ဒိယကို သွားဖို့ ဆိုတာ လွယ်ကူတဲ့ အနေအထားတော့ မဟုတ်ပါဘူး။ နှစ်နိုင်ငံကြား အယူဝါဒ ပဋိပက္ခတွေ ဖြစ်ပွားခဲ့လို့ ပြည်သူတွေဟာ တစ်နိုင်ငံကနေ တစ်နိုင်ငံကို သွားမယ်ဆိုရင် စစ်ဆေးမှု အဆင့်ဆင့်ကို ဖြတ်သန်း သွားရမှာ ပါ။ ဒါပေမဲ့ ရှာဟီဒါနဲ့ သူမရဲ့ မိခင်က အိန္ဒိယနိုင်ငံ ဒေလီမြို့ကို ရောက်အောင် သွားခဲ့ကြပါတယ်။

စစ်ဆေးရေးဂိတ်မှာ သေနတ်ကိုင်ပြီး စောင့်နေတဲ့ စစ်သားကြီးကို ကလေးမလေး ရှာဟီဒါက ပြုံးပြနှုတ်ဆက် လိုက်တယ်။ အပြုံးသည် လွန်စွာတန်ဖိုးရှိ၏ အကုန်အကျ မများ ပေသိ တချို့အပြုံးသည် တစ်ဖက်လူကို တစ်သက် မမေ့စေနိုင် ဆိုတဲ့ စကားအတိုင်း ပါလား။ ခက်ထန်တဲ့ စစ်သားကြီးရဲ့ မျက်နှာဟာ ကြေးမုံပြင်လို အလင်းပြန် သွားခဲ့တယ်။ စစ်ဆေးမှုပြီးချိန် ဂိတ်ဝကနေ ထွက်ခွာ သွားတဲ့ ကလေးမလေးကို တန်ပြန်ပြုံးပြ နှုတ်ဆက်လို့ …။ ဇာတ်ကားရဲ့ အစမှာ ပဲ တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုတဲ့ သဘောကို ကြည်နူးဖွယ် တွေ့မြင်ရစေပါတယ်။

ခရီးစဉ်တစ်ခုလုံး ချောမွေ့ခဲ့ပေမဲ့ ခရီးက အပြန် ရထားပေါ်မှာ မိခင်ဖြစ်သူ အိပ်ပိုက်သွားခဲ့တယ်။ နှစ်နိုင်ငံကြားမှာ သံလမ်း ပြုပြင်နေလို့ ရထားခဏ ရပ်နားခိုက်ပေါ့။ ကလေးမလေးက ရထားလမ်းဘေးမှာ သိုးကလေး တစ်ကောင် လဲနေလို့ ကူညီဖို့ ဆင်းသွားခဲ့တာပါ။ သူမ ဆင်းပြီး

မကြာ ရထားထွက်သွား ပါလေရော။ အော်လည်း မအော်နိုင်၊ ပြေးလိုက်ဖို့ လည်း မတတ်နိုင်ရှာတဲ့ (၆)နှစ် အရွယ် ကလေးမလေးခမျာ တစ်ဖက်နိုင်ငံမှာ ကျန်ရစ်ခဲ့ပါတယ်။

သူမ ကြောက်နေရှာမှာ ပေါ့။ သူမ ဘာဆက်လုပ်မလဲ။ ရထားကလည်း တဂျုန်းဂျုန်း ထွက်ခွာသွားပြီ။ ကတုန်ကယင် ရပ်စောင့်နေတုန်းလာရောက် ရပ်တန့်တဲ့ ရထားနောက် တစ်စင်းကို တွေ့တော့ သူမ တက်လာလိုက်တယ်။ ရှာဟီဒါ ထင်နေတာက ဒီရထားဟာ အမိနိုင်ငံကို ရောက်စေ လိမ့်မယ်လို့ ပေါ့။ ဒါပေမဲ့ တကယ်တမ်း မှာ တော့ အဲဒီရထားက အိန္ဒိယနိုင်ငံထဲကို ပြန်လည် ထွက်ခွာမယ့် ရထားဖြစ်နေပါတယ်။ နှစ်နိုင်ငံ နယ်စပ်ကနေ ဒေလီမြို့ကို သူမ ပြန်လည် ရောက်ရှိသွားခဲ့ပါတယ်။

'ပါဝန်'က ဘာသာတရား ကိုင်းရှိုင်းပြီး ရိုးသားနုံအတဲ့ လူငယ်တစ်ယောက်။ ဒါပေမဲ့ စာနာကူညီတတ်တဲ့ စိတ်ထားကြောင့် ချစ်သူရဲ့ တန်ဖိုးထား ရွေးချယ်မှုကို ခံခဲ့ရပါတယ်။ ချစ်ရသူနဲ့ အိမ်ယာ ထူထောင်ဖို့ ပိုက်ဆံရှာနေတုန်း အခိုက်မှာ ရှာဟီဒါနဲ့ ဆုံတွေ့ခဲ့တာပါ။ ကိုယ်တိုင်တောင် ယောက္ခမလောင်း အိမ်မှာ ကပ်နေရတဲ့ အခြေအနေမို့ ပါဝန်ဟာ သူမကို ဘုရားကျောင်း တစ်ခုမှာ ချန်ထားခဲ့ဖို့ ကြံစည်မိပါသေးတယ်။ လမ်းပျောက်နေတဲ့ ကလေးမလေးကို ပါဝန်က လက်လွှတ်စပယ် ပစ်ထားခဲ့မှာ လား။ မလုပ်နိုင်ခဲ့ပါဘူး။ နောက်ဆုံးမှာ တော့ ကောင်မလေးကို မဖြစ်ဖြစ်အောင် ကူညီဖို့ ဆုံးဖြတ်ခဲ့လိုက်တယ်။

အစပိုင်းမှာ တော့ ပျော်စရာတွေ ချည်းပဲပေါ့။ ပါဝန်ရဲ့ ချစ်သူ မိသားစုက ဘာသာတရား ကိုင်းရှိုင်းပြီး ရိုးရာကို လေးစားမြတ်နိုး သူတွေ...။ သူတစ်ပါးအပေါ် ကူညီတတ်တဲ့ ပါဝန်ရဲ့ စိတ်ထားကိုလည်း တန်ဖိုးထားတဲ့ အတွက် ကလေးမလေးကိုလည်း စောင့်ရှောက် ကူညီခဲ့ကြပါတ

ယ်။ စကားမပြောတတ်တော့ ဘယ်ကလဲ၊ မိဘတွေ ဘယ်သူလဲ ဆိုတာလည်း မေးမရခဲ့ပါဘူး။ အိမ်မှာ ပဲ သားသမီး လိုမျိုး နေထိုင်စေပါတယ်။

ပါဝန်ရဲ့ ချစ်သူကလည်း စိတ်တူကိုယ်တူပါပဲ။ ကလေးမလေးကို စောင့်ရှောက်ပါတယ်။ ဒါပေမဲ့ တဖြည်းဖြည်းနဲ့ အတူနေလာရင်း ကွဲပြားခြားနားမှုတွေကို သတိပြုမိလာတဲ့ အခါ ခလေ့စရိုက်ချင်း၊ အယူအဆချင်း မတူညီမှုတွေကြောင့် နောက်ဆုံးမှာ ရှာဟီဒါကို ပါကစ္စတန်ကမှန်း သူတို့ သိရှိသွားခဲ့ပါရော။

သိရင်သိချင်း ယမ်းပုံမီးကျ ပေါက်ကွဲသွားခဲ့တာက ပါဝန်ရဲ့ ယောက္ခမ လောင်းကြီးပါ။ သမီးဖြစ်သူနဲ့ အချေအတင် စကားများ ကြတဲ့ အထိ။ သမီးဖြစ်သူက ကလေးမလေးအပေါ် အရောင်တွေနဲ့ မမြင်ဖို့ ၊ သူမဟာ မိဘနဲ့ ကွဲပြီး အိမ်နဲ့ ဝေးနေရတဲ့ (၆)နှစ်အရွယ် သနားစဖွယ် ကလေးမလေးသာ ဖြစ်ကြောင်း ရှင်းပြ နားချခဲ့ပေမဲ့ ဖခင်ဖြစ်သူက လက်မခံခဲ့ပါဘူး။ နိုင်ငံမတူ၊ ဘာသာမတူတဲ့ ရှာဟီဒါကို အိမ်မှာ မထားနိုင်တော့တဲ့ အတွက် မနက်ဖြန်ပဲ သံရုံးကို သွားပို့ဖို့ ပြောဆိုခဲ့ပါတယ်။

ပါကစ္စတန် နိုင်ငံအထိ ပါဝန် သွားဖို့ အကြောင်းဖန် လာခဲ့ပုံက အဆင့်ဆင့်ပါပဲ။ အစပိုင်းမှာ ကလေးမလေးကို သံရုံးဆီ သွားပို့ပါသေးတယ်။ ဒါပေမဲ့ နှစ်နိုင်ငံကြား ဆူပူအုံကြွမှုတွေ ဖြစ်ပွားနေတဲ့ အခိုက်အတန့်မို့ ဘာမှတ်တမ်းမှ မပါတဲ့ ကလေးမလေးကို သံရုံးကလည်း ပို့မပေးနိုင်တဲ့ အတွက် အောက်လမ်းက သွားဖို့ ကြံစည်ရပြန်တယ်။ ဒီကိစ္စကလည်း ဘယ်လွယ်ကူပါ့မလဲ။ သူတို့ ချစ်သူနှစ်ဦး စုဆောင်းထားတဲ့ ငွေကြေးတွေကို ခရီးစရိတ်အဖြစ် ပုံအောပေး လိုက်ရပါတယ်။

ဒ^ိနေ ရ ၁မ ၂ ၁ သွေးပျက်ဖွယ်ရာ လှည့်ကွက်တစ်ခုကိုလည်း (ဇာတ်လမ်းကို ပိုကြွလာစေဖို့ အတွက်) ထည့်သွင်းထား ပါသေးတယ်။

တစ်ဖက်မှာ လည်း ပါဝန်တို့ စုံတွဲလို မေတ္တာတရား ကြီးမားသူတွေ၊ အတ္တအရောင်တွေ မပါဘဲ စွန့်လွှတ်ကူညီ တတ်သူတွေ ရှိနေသလို ကျန်တစ်ဖက်မှာ လည်း ဘယ်သူသေသေ ငတေမာပြီးရော လူစားတွေ၊ သားသမီးချင်း နှမချင်း မစာနာ မထောက်ထားသူ တွေ ရှိနေတယ်ဆိုတဲ့ အချက်ကို ဒီဇာတ်လမ်းမှာ ခပ်ရိုးရိုး တင်ပြသွားပါတယ်။

ပါဝန်က တာဝန်ခံရဲ့ လက်ထဲ ကလေးမလေးနဲ့ ပိုက်ဆံတွေကို ယုံယုံကြည်ကြည် အပ်ပြီး ဟိုရောက်လို့ သူမရဲ့ မိဘတွေကို ရှာတွေ့ရင် ဖုန်းဆက်ပေးဖို့ အတန်တန် မှာ လိုက်သေးရဲ့ ။ အပြောကောင်းတဲ့ တာဝန်ခံရဲ့ စကားကို ပါဝန်က ယုံကြည်နေခဲ့တာကိုး။ ကံကောင်းချင်တော့ အကြောင်းတစ်ခုကြောင့် ပါဝန် ပြန်လှည့်အလာ … အဲဒီအခါကျမှ ဒိဋ္ဌတွေ့လိုက်ရတာက တာဝန်ခံဟာ လူလိမ် ဖြစ်နေတာပါပဲ။ ငွေတွေကို လိမ်လည်ယူရုံတင် မကဘဲ ကလေးမလေးကိုလည်း မကောင်းတဲ့ နေရာမျိုးမှာ ရောင်းစားဖို့ အထိ ကြံစည်ပြီး နေပါပြီ။

ဘယ်သူ့ကိုမှ မယုံရပါလားလို့ သဘောပေါက် သွားတာကြောင့် ပါဝန်ဟာ ကလေးမလေးရဲ့ မိဘတွေကို ကိုယ်တိုင် သွားရှာ ပေးမယ်လို့ ဘုရားမှာ ကတိပြုပြီးတဲ့ နောက် ပါကစ္စတန် နိုင်ငံကို ဗီဇာမပါ ဘာမပါနဲ့ နှစ်ယောက်သား စွန့်စွန့်စားစား ထွက်လာခဲ့ကြပါရော။ ပါဝန်ရဲ့ ရိုးသားဖြူစင်မှုက ကြားရသူတိုင်းအဖို့ အရူးလို့ သမုတ်တဲ့ အထိ ဆန်းကြယ် နေခဲ့ပါတယ်။ လူတိုင်းနီးပါးက မုသားမပါ လင်္ကာမချောလို့ ပြောတတ်ကြတယ်မဟုတ်ပါလား။ ဘုရားစကားကို အသက်ထက်ပိုပြီး နားထောင် လိုက်နာသူ ဘယ်နှယောက်များ ရှိနိုင်ပါ့မလဲ။ သို့သော် ပါဝန်ကတော့ ဘုရားက လိမ်ညာ ခိုးဝှက်တာကို မကြိုက်တဲ့ အတွက် ခွင့်ပြုချက် ရတဲ့ အထိ အရိုက်အနှက် ခံခဲ့ပါတယ်။ နောက်ဆုံးမှာ တော့ နယ်ခြား စောင့်တပ်တွေ ကတောင် လက်လျှော့ပြီး ခွင့်ပြုချက် ပေးလိုက်

ရတဲ့ အထိပါပဲ။

သူတို့ ကို သူလျှိုထင်ပြီး ရဲတွေက ဖမ်းခေါ်သွားပေမဲ့ လွတ်မြောက်ခဲ့တယ်။ အစပိုင်းမှာ သတင်းယူမယ် အကြံနဲ့ လိုက်ချောင်းနေခဲ့တဲ့ သတင်းထောက်က နောက်တော့ ပါဝန်ရဲ့ စိတ်ရင်းကို နားလည်သွားခဲ့ပြီး အစစအရာရာ ကူညီပေးခဲ့ပါတယ်။ လိုင်းကားပေါ်က လူတွေ၊ ဘုရားကျောင်းက လူတွေ၊ လမ်းမှာ တွေ့ဆုံသမျှ လူတိုင်းက ပါဝန်ရဲ့ စိတ်စေတနာ အပေါ်မှာ အံ့သြဘနန်း ဖြစ်ကြရပြီပေ့ါ။ သူတပါး အပေါ် ထူးထူးခြားခြား မေတ္တာထားနိုင်တဲ့ ပါဝန်ရဲ့ စိတ်ထားက အတ္တအရောင်တွေ ကြားမှာ နားလည်ရခက်စွာ ကွဲထွက်နေတာပဲကိုး။ ဒီလိုဖြူစင်သန့်ရှင်းတဲ့ မေတ္တာမျက်စိ ပိုင်ရှင်တွေလည်း ရှိနေသေးပါလားဆိုတဲ့ အသိက ပတ်ဝန်းကျင်က လူတွေ အထိ ရိုက်ခတ်သွားခဲ့တယ်။ ကလေးမလေးရဲ့ အိမ်ကို ပြန်ရှာတွေ့ဖို့ အတွက် နီးစပ်ရာ လူတိုင်းက ဝိုင်းဝန်း ကူညီခဲ့ကြတယ်။

နောက်ဆုံးမှာ ကလေးမလေး'ရှာဟီဒါ'ကို အိမ်ပြန်ရောက်အောင် ပို့ဆောင်ပေးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ 'ပါဝန်'ခမျာတော့ သူလျှိုအဖြစ်နဲ့ အဖမ်းခံခဲ့ရရှာတယ်။ အချုပ်ခန်းထဲမှာ အမျိုးမျိုးနှိပ်စက်ညှင်းဆဲမှုတွေ ခံနေရတဲ့ အတွက် သတင်းထောက်ဖြစ်သူက လမ်းတလျှောက် ရိုက်ကူးထားခဲ့တဲ့ ဗွီဒီယိုဖိုင်ကို အင်တာနက်မှာ လွှင့်တင်လို့ ပါဝန်ဟာ သူလျှို မဟုတ်ကြောင်း ရှင်းပြခဲ့ပါတယ်။ သတင်းထောက်ရဲ့ ဖြန့်လွှင့်မှုကြောင့် ပါဝန်ရဲ့ မေတ္တာဇာတ်လမ်းက အွန်လိုင်းမှာ ပျံ့နှံ့သွားခဲ့တယ်။ ဆွံ့အနေတဲ့ ကလေးမလေး တစ်ယောက်ကို အန္တရာယ်တွေ ကြားကနေ အိမ်လိုက်ရှာပေးခဲ့တဲ့ မေတ္တာရှင် တစ်ယောက်ရဲ့ အကြောင်းက လူအများ ရဲ့ ရင်ကို လှုပ်ရှားသွားစေခဲ့တာပေ့ါ။

ပါဝန်ကို သူလျှို မဟုတ်မှန်း သိရှိသွားခဲ့တဲ့ နောက် အထက်က ဖိအားပေးတိုင်း မလုပ်ဘဲ အမှန်တရားဘက်က ရပ်တည်ခဲ့တဲ့ ရဲမှူးကြီးရဲ့ ဉာဏ်သွားကလည်း ဒီဇာတ်ကားမှာ အတုယူစရာလို့ ဆိုရမှာ ပါ။ သူလျှိုဖြစ်ကြောင်း ဖွတ်အတင်း ဝန်ခံခိုင်းဖို့ အထက် လူကြီးတချို့က ဖိအားပေးခဲ့ပေမဲ့ မတရားတာကို မလုပ်ခဲ့ပါဘူး။ မီဒီယာသမားတွေရဲ့ အကူအညီရဲ့ လူထုရဲ့ အားကို အသုံးပြုလို့ ပါဝန် လွတ်မြောက်အောင် ဆောင်ရွက်ပေးခဲ့တယ်။ နယ်စပ်နှစ်ခုကြားက ပိတ်နေတဲ့ တံခါးကို လူထုရဲ့ မေတ္တာအားနဲ့ ဖွင့်လှစ်နိုင်ခဲ့တယ်။ ပါဝန်ရဲ့ မေတ္တာတရားကို လေးစားအားကျ ကြသူတိုင်းက သူ လွတ်မြောက်ဖို့ အရေး ဝိုင်းဝန်းကူညီပေးခဲ့ကြတယ်။ နယ်စပ်မှာ အသင့်စောင့်နေတဲ့ သေနတ်ကျည်ဆန်တွေရဲ့ ရန်ကိုတောင်မှ မမှုဘဲနဲ့ ပေါ့။

ဇာတ်သိမ်းမှာ တော့ အကြောက်တရားကြောင့် ဆွံ့အသွားခဲ့တဲ့ ကလေးမလေးဟာ ကျေးဇူးရှင် ပါဝန်ကို လှမ်းအော် နှုတ်ဆက်ချင်တဲ့ စိတ်ကြောင့် အသံထွက် အော်ခေါ်နိုင်ခဲ့ပုံနဲ့ ချစ်စဖွယ် အဆုံးသတ် ထားပါတယ်။

***

ဘုရားစကားကို အသက်ထက် ပိုနားထောင်သူ တစ်ယောက်က ဘာသာခြား ကလေးမလေး တစ်ယောက်ကို အခက်အခဲ တွေကြားကနေ အိမ်ပြန်ပို့ပေးတဲ့ အကြောင်း ရိုက်ကူးထားတဲ့ ဒီဇာတ်ကားဟာ ကြည့်မြင်ရသူတိုင်း အဖို့ ထူးခြားတဲ့ အတွေးအမြင် တချို့ကို ရရှိစေလိမ့်မယ်လို့ ထင်ပါတယ်။ အစပိုင်းမှာ ဘာသာရေးတွေကို စောင်းပေးထားသလို ထ

င်ရပါတယ်။ အလယ်မှာ ဘာသာရေး နှစ်ခုကို အားပြိုင်မှု အနည်းငယ် ဖြည့်စွက်ထားပြီး မျှတအောင် တင်ဆက်ထားတဲ့ အတွက် ဘက်လိုက်မှု ကင်းတယ်လို့ ဆိုရပါလိမ့်မယ်။

အဆုံးသတ်မှာ တော့ ...

(၁)_မေတ္တာတရားသာ ပဓာန၊

(၂)_ယုံကြည်မှုတွေ အတွက် တစ်ဖက်ကို တစ်ဖက် ပုတ်ခတ်စော်ကားပြီး လောကကို အတ္တတွေနဲ့ အကြမ်းဖက်ဖို့ မလိုပါဘူး။

ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မယ့် နည်းလမ်းက မလှမ်းမကမ်းမှာ ရှိနေပါတယ်။ (ကျွန်မတို့ သတိပြုမိဖို့ ပဲ လိုတာပါ)

(၃)_ဘယ်လိုပဲ ကွဲပြားခြားနားသူ ဖြစ်ပါစေ သူ့ရင်ထဲမှာ ရှိတဲ့ ဖြူစင်မြင့်မြတ်တဲ့ စိတ်ထား၊ လောကအပေါ် မျှမျှတတရှုကြည့်နိုင်တဲ့ မေတ္တာမျက်စိတို့ ကသာ အဓိကကျတယ် -

ဆိုတဲ့ အချက်တွေကို အဆင့်ဆင့် လှစ်ဟပြသ သွားနိုင်ခဲ့တာကြောင့် ဒီရုပ်ရှင်ကို လူအများ နှစ်သက်သဘောကျ ကြတာလည်း ဆန်းမယ် မထင်ပါဘူး။

ဘုရားရှင်တိုင်းဟာ မကောင်းမှု ရှောင်၊ ကောင်းမှု ဆောင်၊ စိတ်ကို ဖြူအောင်ထားဖို့ ဆုံးမထားကြတာ ချည်းပါပဲ။ ကျွန်မတို့ ပုထုဇဉ်တွေကသာ လောဘ ဒေါသ မောဟတွေရဲ့ လွှမ်းမိုးခြယ်လှယ်မှုတွေကြောင့် ကိုယ်လိုရာဆွဲပြီး ကမ္ဘာမြေကို အတ္တတွေနဲ့ အရောင်ဆိုးဖို့ ကြိုးစားနေကြတာပါ။ ညိုညစ်ခြင်း အတ္တရောင်တွေက ဖြူစင်ခြင်းကို ဖုံးလွှမ်းနေလို့လည်း ကျွန်မတို့ လူ့ဘဝတွေမှာ ပြဿနာမဟုတ်တာတွေ အတွက်နဲ့ တစ်ဦးကိုတစ်ဦး ရန်လိုသတ်ဖြတ် နေကြတာ မဟုတ်ပါလား။

ကျွန်မတို့ ဟာ ကျွန်မတို့ ယုံကြည်ရာကို ဆုပ်ကိုင်ခွင့် ရှိတယ်။ ဒါပေမဲ့ ကျွန်မတို့ ရဲ့ ယုံကြည်ချက်အတွက် ပတ်ဝန်းကျင်ကို အကြမ်းဖက်ဖို့ မလိုပါဘူး။ မေတ္တာတရားသာလျှင် အရာရာကို အောင်နိုင်မယ် ဆိုတာကို ကျွန်မတို့ ယုံကြည်နေဖို့ ပဲ လိုပါတယ်။ ယခုအခါမှာ ကမ္ဘာကြီးဟာ တစ်စထက်တစ်စ ပူလောင်လို့ လာပါပြီ။ နေရာဒေသတိုင်းမှာ ပဋိပက္ခနဲ့ စစ်လက္ခဏာများ ဖြစ်ပွားဖို့ ရာ တာစူနေကြပါတယ်။ နောက်ပြီး ဖောက်ပြန်နေတဲ့ ရာသီဥတုနဲ့ အတူ သဘာဝဘေး အန္တရာယ်တွေ။ ဒါတွေဟာ ကျွန်မတို့ အားလုံး တစ်ဦးအပေါ်တစ်ဦး မေတ္တာတရားတွေ ခေါင်းပါးလာကြတဲ့ အတွက်လို့ ပဲ သုံးသပ်ရမလား။ မေတ္တာပယ်တော့ တစ်ဦးနဲ့ တစ်ဦး သံသယ/ အတ္တမျက်စိတွေနဲ့ စိုက်ကြည့်ရင်း ရန်လိုမှုတွေ ဖြစ်တည်လာကြပြီပေါ့။ မေတ္တာမရှိတဲ့ လောကကို သဘာဝတရားကလည်း တန်ပြန် ဒဏ်ခတ်မှာ ပါပဲ။

ဒီရုပ်ရှင်ဇာတ်ကားနဲ့ ပတ်သက်ပြီး အဓိက တွေးချင်စရာကတော့ ခပ်နုံနုံသာမည လူရိုးတစ်ယောက်ကတောင် မေတ္တာမျက်စိ တည်ရှိတဲ့ အခါ ပတ်ဝန်းကျင်ကို မေတ္တာဓာတ်တွေ ပြန့်ပွားစေနိုင်တယ်ဆိုတဲ့ အချက်ပါပဲ။ လူတိုင်း အလိုရှိတဲ့ ငြိမ်းချမ်းရေးကို လူတိုင်း ကိုယ်တိုင်ပဲ မေတ္တာတရားနဲ့ တည်ဆောက် ယူနိုင်ပါတယ်။ တစ်ဦးကိုတစ်ဦး အရောင်တွေ၊ အာဃာတတွေ၊ အသင်းအဖွဲ့တွေ အဖြစ်နဲ့ မရှုမြင်ဘဲ မေတ္တာမျက်စိနဲ့ ကိုယ်စီ ကြည့်ကြမယ်ဆိုရင် လက်ရှိဖြစ်ပွားနေတဲ့ ကမ္ဘာပေါ်က ပူလောင်ဆူပွက်မှု အားလုံးကို အတန်အသင့် ဖြန်ဖြေပြီးသား ဖြစ်သွားမှာ ပါ။ တစ်ဦးကိုတစ်ဦး အရောင်တွေဖယ်ပြီး မေတ္တာမျက်စိနဲ့ ကြည့်မြင်လို့ ကမ္ဘာလောက ငြိမ်းချမ်း သာယာစေဖို့ ဆန္ဒပြုရင်း ...

ကမ္ဘာလောက ငြိမ်းချမ်းသာယာပါစေ ...

စေတနာရှေ့ထားလျက်...

ဂါဦးနွန်းကို

(၂၀၁၆ခုနှစ် မေလ(၂၈)ရက်နေ့ထုတ် စံတော်ချိန် သတင်းစာ အတွေးအမြင် ကဏ္ဍတွင် ဖော်ပြခြင်းခံရသော ဆောင်းပါးဖြစ်ပါသည် )

***